# ပထမအကြိမ် အမျိုးသားလွှတ်တော် ဒသမပုံမှန် အစည်းအဝေး
# ၂၆ ရက်မြောက်နေ့ အစီအစဉ်
# [ ၈- ၇ - ၂၀၁၄ ]
# ( အင်္ဂါနေ့ )

၁။ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ နေရာယူခြင်း။

၂။ အမျိုးသားလွှတ်တော် အစည်းအဝေး အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း။

၃။ အမျိုးသားလွှတ်တော် ၂၆ ရက်မြောက်နေ့ အစည်းအဝေး အစီအစဉ် ကြေညာခြင်း။

၄။ အစည်းအဝေး မတက်ရောက်နိုင်သော အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ ခွင့်ပန်ကြားခြင်း။

၅။ ကြယ်ပွင့်ပြထားသည့် အောက်ပါမေးခွန်းများကို သက်ဆိုင်ရာ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များက မေးမြန်းခြင်းနှင့် သက်ဆိုင်ရာ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်များက ဖြေကြားခြင်း -

(က) ဦးစောမော်ထွန်း၊ ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁)၏ **ပဲခူးတိုင်းဒေသကြီး၊ ပဲခူး - စစ်တောင်းတူးမြောင်းနှင့်အတူ ပေါ်ပေါက်လာသော မိုးယွန်းကြီးအင်းနှင့် ဘေးမဲ့တောတို့၏ ဂေဟာစနစ်များ ပိုမိုကောင်းမွန်စေရန် ပြန်လည်ပြုပြင်မည့် အစီအစဉ်ကို** သိရှိလိုခြင်းနှင့် စပ်လျဉ်းသည့် မေးခွန်း၊

( ခ ) ဗိုလ်မှူးကြီးခင်စိုး၊ တပ်မတော်သားကိုယ်စားလှယ်၏ **ရခိုင်ပြည်နယ်၊ မြောက်ဦးမြို့ ရေရှားပါးမှု အခက်အခဲများကို အထောက်အကူပြု ဆောင်ရွက်နိုင်မည့် တောင်ဖြူဆည်ကန်နှင့် လက်ဆည်ကန် ပြုပြင်မည့် လုပ်ငန်းများကို ပြည်ထောင်စုအစိုးရ ရန်ပုံငွေ သို့မဟုတ် ပြည်နယ်အစိုးရ ရန်ပုံငွေဖြင့် ဆောင်ရွက်ပေးနိုင်ခြင်း ရှိ/မရှိ ကို သိရှိလိုခြင်း** နှင့် စပ်လျဉ်းသည့် မေးခွန်း၊

(ဂ) ဦးဌေးရယ်၊ ကယားပြည်နယ် မဲဆန္ဒနယ်အမှတ်(၇)၏ **ဘီလူးချောင်း ရေစီးရေလာကောင်းမွန်ရေးအတွက် ချောင်းတစ်လျှောက် လိုအပ်သည့် နေရာများတွင် စက်ကြီးများဖြင့် ဆယ်ယူတူးဖော်သွားရန်နှင့် လွိုင်ကော် မြို့တွင်း ချောင်းရိုးတစ်လျှောက် ကျောက်စီနံရံများနှင့် တာထိန်းပေါင်များဖြင့် စီမံဆောင်ရွက်သွားရန်** အစီအစဉ် ရှိ/မရှိ တို့နှင့် စပ်လျဉ်းသည့် မေးခွန်း၊

(ဃ) ဦးခင်မောင် (ခ) ဦးအောင်ကျော်ဦး၊ ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၃)၏ **ရခိုင်ပြည်နယ်၊ ကျောက်တော်မြို့ စည်ပင်သာယာဈေးအား အဆင့်မြင့် ပြုပြင် ပေးနိုင်ခြင်း** ရှိ/မရှိ နှင့် စပ်လျဉ်းသည့် မေးခွန်း၊

(င) ဦးစိုင်းဝင်းမောင်၊ ရှမ်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၅)၏ **လူမျိုးစာရင်း မှန်ကန်မှု ပြန်လည်ရရှိစေရန်အတွက် သက်ဆိုင်ရာများမှ ဆောလျင်စွာ ပြန်လည် ပြုပြင်ပြောင်းလဲမှတ်သားပေးနိုင်မည်ကို သိရှိလိုခြင်း** နှင့် စပ်လျဉ်းသည့် မေးခွန်း၊

(စ) ဒေါက်တာမြဦး၊ ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၉)၏ **ပေါင်းတည် - မှတ်တိုင် - ပေါက်တောလမ်း အရှည် (၁၀)မိုင်အား ၂၀၁၄ - ၂၀၁၅ ဘဏ္ဍာရေးနှစ် တွင် စတင်ဆောင်ရွက်ပေးရန်** အစီအစဉ် ရှိ/မရှိ နှင့် စပ်လျဉ်းသည့် မေးခွန်း၊

(ဆ) ဗိုလ်မှူးကျော်နိုင်ဌေး၊ တပ်မတော်သားကိုယ်စားလှယ်၏ **ပုသိမ်မြို့၊ ဇင်ပြွန်းကုန်း ကျေးရွာအုပ်စု၊ ရွာသစ်ကုန်းကျေးရွာ - အနန်းပင်ဘုန်းကြီးကျောင်း - ငှက်ချေးချောင်း အထိ မြေသားလမ်းအား ရာသီမရွေး သွားလာနိုင်သော ကျောက်ချောလမ်း အဖြစ် အဆင့်မြှင့်တင် ဆောင်ရွက်ပေးနိုင်ခြင်း** ရှိ/မရှိ နှင့် စပ်လျဉ်းသည့် မေးခွန်း၊

(ဇ) ဗိုလ်မှူးသက်ဝင်း၊ တပ်မတော်သား ကိုယ်စားလှယ်၏ **ခရမ်းမြို့နယ်၊ ကျုံ့တူးကျေးရွာနှင့် တမံကြီးကျေးရွာ ဆက်သွယ်သော ကျေးရွာချင်းဆက်လမ်း (၁)မိုင်ခန့်အား (၁၈)ပေအကျယ် ကျောက်ခင်းလမ်းအဖြစ် ဖောက်လုပ်ပေးနိုင်ခြင်း** ရှိ/မရှိ နှင့် စပ်လျဉ်းသည့် မေးခွန်း။

၆။ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက အမျိုးသားလွှတ်တော်က အတည်ပြုပြီး ပေးပို့ထားသော ရွှေ့လျားနိုင်သော ပစ္စည်းကိရိယာများနှင့် လေယာဉ်ပစ္စည်းကိရိယာ သီးသန့်ကိစ္စရပ်များဆိုင်ရာ နိုင်ငံတကာ အကျိုးစီးပွားများ ဥပဒေကြမ်းကို ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် ပြန်လည်ပေးပို့လာခြင်းနှင့် စပ်လျဉ်း၍ ပြည်သူ့လွှတ်တော်၏ ပြင်ဆင်ချက်ကို အတည်ပြုရန် လွှတ်တော်၏ အဆုံးအဖြတ် ရယူခြင်း။

၇။ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက အမျိုးသားလွှတ်တော် ၂၆ ရက်မြောက်နေ့ အစည်းအဝေး ရပ်နားကြောင်း နှင့် ၂၇ ရက်မြောက်နေ့ အစည်းအဝေး ဆက်လက်ကျင်းပမည့် နေ့ရက်နှင့် အချိန်ကို ကြေညာခြင်း။